# ပြည်သူများသိရှိစေရန် အသိပေးကြေညာချက်

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂ ရက်

၁။ မန္တလေးခရိုင်အတွင်း COVID-19 ရောဂါသည် ကူးစက်ပြန့်ပွားမှုနှင့် သေဆုံးမှု ပိုမိုများပြားလာကြောင်း တွေ့ရှိရပါသည်။ WHO နှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များအရ COVID-19 ရောဂါသည် အသက်ရှူလမ်းကြောင်းမှတဆင့် ကူးစက်နိုင်သဖြင့် ပြန့်ပွားမှုကို ထိန်းချုပ်နိုင်သည့် အကောင်းဆုံးနည်းလမ်းမှာ မိမိအိမ်တွင် နေထိုင်ခြင်းနှင့် တစ်ဦးနှင့်တစ်ဦး ထိတွေ့မှုမရှိခြင်းတို့ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ COVID-19 ရောဂါကူးစက်ပြန့်ပွားမှုမဖြစ်စေရန် မန္တလေးခရိုင်အတွင်း နေထိုင်သည့် ပြည်သူများအနေဖြင့် အောက်ပါစည်းကမ်းချက်များကို မဖြစ်မနေ လိုက်နာရန် လိုအပ်ပါသည် -

(က) ပုဂ္ဂလိကလုပ်ငန်းများဖြစ်သည့် ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ၊ စက်သုံးဆီအရောင်းဆိုင်များ၊ စားသောက်ကုန်နှင့် သား၊ ငါး၊ အအေးခန်းလုပ်ငန်းများ၊ ဆေးဝါးနှင့် ဆေးပစ္စည်းကိရိယာ ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းများ၊ ရေသန့်ထုတ်လုပ်ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းများ၊ နေ့စဉ်တစ်ကိုယ်ရည်သုံးပစ္စည်း ထုတ်လုပ်သည့်စက်ရုံများ၊ ဆိပ်ကမ်းပို့ကုန်/သွင်းကုန် သယ်ဆောင်သည့် ကုန်တင်မော်တော်ယာဉ်၊ ရေယာဉ်လုပ်ငန်းများ၊ ကုန်းတွင်းကုန်သေတ္တာစခန်းများ (Inland Container Depot)နှင့် ကုန်းတွင်းဆိပ်များ (Dry Port)၊ ဆက်သွယ်ရေး ဝန်ဆောင်မှုပေးရသော လုပ်ငန်းများဖြစ်သည့် စာပို့တိုက်ဝန်ဆောင်မှုလုပ်ငန်း၊ ကြိုးဖုန်းနှင့် မိုဘိုင်းတယ်လီဖုန်းဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်း၊ အင်တာနက်ဝန်ဆောင်မှုများ၊ တာဝါနှင့် ဖိုက်ဘာပြုပြင်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများကိုသာ လုပ်ကိုင်ခွင့်ပြုမည်ဖြစ်ပြီး ကျန်လုပ်ငန်းများကို လုပ်ကိုင်ခြင်းမပြုရန်ဖြစ်ပါသည်။

(ခ) အထက်အပိုဒ်ခွဲ(က)ပါလုပ်ငန်းများတွင် လုပ်ကိုင်လျက်ရှိသည့် ဝန်ထမ်းများ ဝင်/ထွက်ခွင့်ရရှိရေးအတွက် လုပ်ငန်းရှင်/ကုမ္ပဏီပိုင်ရှင်က မြို့နယ်စီမံခန့်ခွဲမှုကော်မတီသို့ လျှောက်ထားရယူရန် ဖြစ်ပါသည်။

(ဂ) အခြားမြို့နယ်များသို့ လုပ်ငန်းကိစ္စဖြင့် သွားရောက်လိုပါက ဝင်/ထွက်ခွင့် ကတ်ပြားများကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီသို့ လျှောက်ထားရယူရန်ဖြစ်ပါသည်။

(ဃ) အထက်အပိုဒ်ခွဲ(က)ပါလုပ်ငန်းများတွင် မပါဝင်သည့် အဖွဲ့အစည်းများ၊ ကုမ္ပဏီများအနေဖြင့် နေအိမ်မှနေ၍ လုပ်ငန်းများဆောင်ရွက်ရန် ဖြစ်ပါသည်။

( င ) ဆိုင်ဖွင့်လှစ်၍ တယ်လီဖုန်းရောင်းချခြင်း၊ ဒေတာရောင်းခြင်းများ မပြုလုပ်ရန် ဖြစ်ပါသည်။

( စ ) မဖြစ်မနေ ဈေးဝယ်ရန်အတွက် တစ်အိမ်လျှင်တစ်ဦးသာ သွားရောက်ရန်ဖြစ်ပြီး ဈေးဝယ်ရန် ဝင်/ထွက်ခွင့်ကတ်ကို ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများတွင် တစ်အိမ်ထောင်လျှင် တစ်ကတ်နှုန်းဖြင့် ထုတ်ယူနိုင်ပါသည်။ ဈေးဝယ်ရန် သွားရောက်ရာတွင် ယာဉ်မောင်း (၁)ဦး၊ ဈေးဝယ်သူ (၁)ဦး စုစုပေါင်း (၂)ဦးသာ သွားရောက်ရန်ဖြစ်ပြီး ပါးစပ်/နှာခေါင်းစည်းများ တပ်ဆင်သွားရန်ဖြစ်ပါသည်။

(ဆ) မြို့နယ်အတွင်းရှိ ဈေးများကို နေ့စဉ် နံနက် (၆)နာရီမှ (၁၂)နာရီအထိ ဖွင့်လှစ်ပေးမည်ဖြစ်ပြီး ကျန်အချိန်များတွင် ပိတ်ထားမည်ဖြစ်ပါသည်။ ဈေးသည်များသည် ဈေးရောင်းချရာတွင် ပါးစပ်/နှာခေါင်းစည်း၊ Face Shield ၊ လက်အိတ်များ မဖြစ်မနေ ဝတ်ဆင်ထားရန်လိုအပ်ပါသည်။ ကမ်းနားလမ်းနှင့် (၄၁)လမ်းထောင့်ရှိ ကုန်စိမ်းလက်ကားဈေးကို နေ့စဉ် နံနက် (၄)နာရီမှ နံနက် (၆)နာရီအထိ တစ်ကြိမ်နှင့် နေ့လယ်(၁၁)နာရီမှ ည(၈)နာရီအထိတစ်ကြိမ် ဖွင့်လှစ်ပေးမည်ဖြစ်ပြီး ကျန်အချိန်များတွင် ဈေးပိတ်ထားမည်ဖြစ်ပါသည်။

( ဇ ) ကုန်စည်ဒိုင်များ၊ ပွဲရုံများမှ ကုန်ပစ္စည်းများ လက်ကားဝယ်ယူရောင်းချသူများအနေဖြင့် ဝင်/ထွက်ခွင့် ကတ်ပြားများကို နီးစပ်ရာဈေးစည်ပင်ဌာနတွင် ထုတ်ယူရန်နှင့် ကုန်စည်ဒိုင်များ၊ ပွဲရုံများအနေဖြင့် ကုန်ဝယ်ယူသူများ၏ အမည်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ်များကို မှတ်သားစာရင်းပြုစု၍ ဈေးများဌာနသို့ ပေးပို့ရန်လိုအပ်ပါသည်။

( ဈ ) လက်လီဈေးဝယ်သူများအနေဖြင့် မိမိမြို့နယ်အတွင်းရှိ ဈေးများတွင်သာ ဈေးဝယ်ရန်နှင့် အခြားမြို့နယ်များမှလည်း လာရောက်ဝယ်ယူခြင်းမပြုရန် ဖြစ်ပါသည်။

(ည) ဈေးဝယ်ရန်နှင့် ဆေးခန်းသွားရန် သတ်မှတ်ထားသည့် လူဦးရေထက်ပိုလျှင်ဖြစ်စေ၊ အခြားအရေးပေါ်ကိစ္စရပ်များအတွက် သွားလာရန်ရှိလျှင်ဖြစ်စေ သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးထံ တင်ပြစေရန်နှင့် တာဝန်ထမ်းဆောင်ရန် သွားရောက်/ပြန်လာသူများမှအပ ခွင့်ပြုချက်မရှိဘဲ ရပ်ကွက်အပြင်မှလည်းကောင်း၊ ရပ်ကွက်အတွင်းမှလည်းကောင်း ဝင်/ထွက်သွားလာခြင်းမပြုရန်ဖြစ်ပါသည်။

( ဋ ) Shopping Mall များတွင် မဖြစ်မနေ ဖွင့်လှစ်ခွင့်ပြုရမည့် ဆိုင်ခန်းများမှအပ ကျန်ဆိုင်ခန်းများအား ယာယီပိတ်သိမ်းသွားရန်ဖြစ်ပါသည်။

( ဌ ) Delivery စနစ်ဖြင့် စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်သူများအား ဝင်/ထွက်ခွင့် ကတ်ပြားများ ပြုလုပ်ပေးရန် လုပ်ငန်းရှင်မှ မြို့နယ်စီမံခန့်ခွဲမှုကော်မတီသို့ လျှောက်ထားရန်နှင့် မြို့နယ်အတွင်းသာ လိုက်လံပို့ဆောင်ရန်ဖြစ်ပါသည်။

( ဍ ) ဆိုင်ကယ်ဖြင့် ဟင်းသီးဟင်းရွက်များ၊ ကုန်စိမ်းများ လိုက်လံရောင်းချသူများအနေဖြင့် နီးစပ်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများတွင် ဝင်/ထွက်ခွင့် ကတ်ပြားများ ရယူ ရောင်းချရန်ဖြစ်ပါသည်။

( ဎ ) ကျန်းမာရေးကိစ္စအတွက် ဆေးရုံ/ဆေးခန်းသွားရန်လိုအပ်ပါက ရပ်ကွက်အုပ်ချုပ်ရေး မှူးရုံးများတွင် တစ်အိမ်ထောင်လျှင်တစ်ကတ်နှုန်းဖြင့် ထုတ်ယူရန်နှင့် ယာဉ်မောင်း အပါအဝင် (၃)ဦးသာ သွားရောက်ခွင့်ပြုမည်ဖြစ်ပါသည်။

(ဏ) ကျုံးဘေးတွင် အပန်းဖြေအနားယူခြင်း၊ ကျန်းမာရေးလေ့ကျင့်ခန်းပြုလုပ်ခြင်း၊ လမ်းလျှောက်ခြင်းများကို သတ်မှတ်ကာလအတွင်း(လုံးဝ)မပြုလုပ်ရန် ဖြစ်ပါသည်။

(တ) မန္တလေးမြို့သို့ ညအိပ်လာရောက်သူ တည်းခိုနေထိုင်မည့်သူများ ရောဂါပိုး ကင်းရှင်းကြောင်း ကျန်းမာရေးဌာန၏ထောက်ခံချက် ပါရှိရမည်ဖြစ်သည်။ ကုန်စည် ပို့ဆောင်သော ကားများမှလွဲ၍ ကျန်မော်တော်ယာဉ်များ ညအိပ်ရပ်နားခြင်း မပြုရပါ။

(ထ) တာဝန်အရ မဖြစ်မနေ ရုံးတက်ရမည့် ဝန်ထမ်းများအနေဖြင့် ဝန်ထမ်းကတ်ဖြင့် သွားလာရန် ဖြစ်ပါသည်။

၂။ အထက်ပါညွှန်ကြားချက်များအား ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ(၅)ရက်နေ့မှ (၁၈)ရက်နေ့ အထိ လိုက်နာဆောင်ရွက်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက တည်ဆဲဥပဒေများအရ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့